၁၆၆၅။ ဒေါ်မာမာ၊ အလယ်တန်းပြ(ငြိမ်း)၊ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၆၆၆။ ဒေါ်သက်သက်နွယ်၊အလယ်တန်းပြ(ငြိမ်း)၊ အမှတ်(၃)အခြေခံပညာအထက်တန်း ကျောင်း၊အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၆၆၇။ ဒေါ်မာမာခင်၊ အလယ်တန်းပြ(ငြိမ်း)၊ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၆၆၈။ ဒေါ်ခင်လှ၊ အလယ်တန်းပြ(ငြိမ်း)၊ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၆၆၉။ ဒေါ်ခင်အေးကြူကြူ၊ အလယ်တန်းပြ(ငြိမ်း)၊ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၆၇၀။ ဒေါ်ရီရီလွင်၊ အလယ်တန်းပြ(ငြိမ်း)၊ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၆၇၁။ ဒေါ်အုံးကြည်၊ အလယ်တန်းပြ(ငြိမ်း)၊ အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၆၇၂။ ဒေါ်ခင်စန်းနွယ်၊ အထက်တန်းပြ(ငြိမ်း)၊ အမှတ်(၇)အခြေခံပညာအထက်တန်းကျောင်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၆၇၃။ ဒေါ်ခင်မျိုးကြည်၊ အထက်တန်းပြ(ငြိမ်း)၊ အမှတ်(၇)အခြေခံပညာအထက်တန်းကျောင်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၆၇၄။ ဒေါ်အေးအေးမြင့်၊ အလယ်တန်းပြ(ငြိမ်း)၊ အမှတ်(၂)အခြေခံပညာအလယ်တန်းကျောင်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၆၇၅။ ဒေါ်ဆွေဆွေဝင်း၊ အလယ်တန်းပြ(ငြိမ်း)၊ အမှတ်(၁၀)အခြေခံပညာအလယ်တန်းကျောင်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၆၇၆။ ဒေါ်မြင့်စန်း၊ အလယ်တန်းပြ(ငြိမ်း)၊ အမှတ်(၁)အခြေခံပညာမူလတန်းကျောင်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၆၇၇။ ဒေါ်ရီရီနွဲ့၊ အလယ်တန်းပြ(ငြိမ်း)၊ အမှတ်(၁)အခြေခံပညာမူလတန်းကျောင်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၆၇၈။ ဒေါ်စန္ဒာယု၊ အလယ်တန်းပြ(ငြိမ်း)၊ အမှတ်(၁)အခြေခံပညာမူလတန်းကျောင်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၆၇၉။ ဒေါ်မြင့်မြင့်စန်း၊ အလယ်တန်းပြ(ငြိမ်း)၊ အမှတ်(၁)အခြေခံပညာမူလတန်းကျောင်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၆၈၀။ ဒေါ်ရီရီဝင်း၊ အလယ်တန်းပြ(ငြိမ်း)၊ အမှတ်(၁)အခြေခံပညာမူလတန်းကျောင်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၆၈၁။ ဒေါ်မြင့်မြင့်တင်၊ အလယ်တန်းပြ(ငြိမ်း)၊ အမှတ်(၁)အခြေခံပညာမူလတန်းကျောင်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၆၈၂။ ဒေါ်သန်းသန်းရီ၊ အလယ်တန်းပြ(ငြိမ်း)၊ အမှတ်(၁)အခြေခံပညာမူလတန်းကျောင်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၆၈၃။ နော်ဒက်ဖ်နီစန်၊ အလယ်တန်းပြ(ငြိမ်း)၊ အမှတ်(၁)အခြေခံပညာမူလတန်းကျောင်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၆၈၄။ ဒေါ်လှလှမြင့်၊ အလယ်တန်းပြ(ငြိမ်း)၊ အမှတ်(၁)အခြေခံပညာမူလတန်းကျောင်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၆၈၅။ ဒေါ်စန်းစန်းရီ၊ အလယ်တန်းပြ(ငြိမ်း)၊ အမှတ်(၁)အခြေခံပညာမူလတန်းကျောင်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၆၈၆။ ဒေါ်ခင်စန်းဝေ(၁)၊ အလယ်တန်းပြ(ငြိမ်း)၊ အမှတ်(၁)အခြေခံပညာမူလတန်းကျောင်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၆၈၇။ ဒေါ်မြင့်မြင့်ရွှေ၊ အလယ်တန်းပြ(ငြိမ်း)၊ အမှတ်(၂)အခြေခံပညာမူလတန်းကျောင်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၆၈၈။ ဦးသိုက်ထွန်း၊ မူလတန်းကျောင်းအုပ်(ငြိမ်း)၊ အမှတ်(၃)အခြေခံပညာမူလတန်းကျောင်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၆၈၉။ ဒေါ်စန်းစန်းဝင်း၊မူလတန်းကျောင်းအုပ်(ငြိမ်း)၊အမှတ်(၁၂)အခြေခံပညာမူလတန်းကျောင်း၊အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၆၉၀။ ဒေါ်မြင့်မြင့်သန်း၊ အလယ်တန်းပြ(ငြိမ်း)၊ အမှတ်(၁၂)အခြေခံပညာမူလတန်းကျောင်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၆၉၁။ ဒေါ်ခင်မော်မော်တူး၊ အလယ်တန်းပြ(ငြိမ်း)၊ အမှတ်(၁၂)အခြေခံပညာမူလတန်းကျောင်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၆၉၂။ ဒေါ်ခင်ချိုဝင်း၊ အလယ်တန်းပြ(ငြိမ်း)၊ အမှတ်(၁၂)အခြေခံပညာမူလတန်းကျောင်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၆၉၃။ ဒေါ်စုဝေအောင်၊ အလယ်တန်းပြ(ငြိမ်း)၊ အမှတ်(၁၂)အခြေခံပညာမူလတန်းကျောင်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၆၉၄။ ဒေါ်ခင်သန်းဦး၊ အလယ်တန်းပြ(ငြိမ်း)၊ အမှတ်(၁၂)အခြေခံပညာမူလတန်းကျောင်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၆၉၅။ ဒေါ်ကြူခင်၊ မူလတန်းကျောင်းအုပ်(ငြိမ်း)၊ အမှတ်(၂၈)အခြေခံပညာမူလတန်းကျောင်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၆၉၆။ ဒေါ်မြင့်မြင့်ဦး၊ အလယ်တန်းပြ(ငြိမ်း)၊ အမှတ်(၃၉)အခြေခံပညာမူလတန်းကျောင်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၆၉၇။ ဒေါ်ခိုင်ခိုင်၊ အထက်တန်းပြ(ငြိမ်း)၊ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၆၉၈။ ဒေါ်ကြည်ညွန့်၊ အထက်တန်းပြ(ငြိမ်း)၊ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၆၉၉။ ဒေါ်သီသီဝင်း၊ အလယ်တန်းပြ(ငြိမ်း)၊ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၇၀၀။ ဒေါ်မာမာမြင့်၊ အလယ်တန်းပြ(ငြိမ်း)၊ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

[ဆက်လက်ဖော်ပြပါမည်]

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် (၁/၂၀၂၁)**

**ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေ**

၁၃၈၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၄ ရက်

(၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်)

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၂။ ဤဥပဒေကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၃။ ဤဥပဒေသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့် အညီ တာဝန်များပြီးမြောက်ပြီးနောက် ကျင်းပသည့်ရွေးကောက်ပွဲအရ ပြည်ထောင်စုအစိုးရအဖွဲ့နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့တို့ကို ဖွဲ့စည်းပြီးသည့်နေ့ရက်အထိ အာဏာတည်ရမည်။

၄။ ဤဥပဒေ အာဏာတည်လျက်ရှိနေသမျှကာလပတ်လုံး ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေ၏ အခန်း (၃) နှင့် (၄) တို့ကို ရပ်သိမ်းထားဘိသကဲ့သို့ မှတ်ယူစေရမည်။

---

**ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။**

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် (၂/၂၀၂၁)**

**မန္တလေးမြို့တော်စည်ပင်သာယာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေ**

၁၃၈၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၄ ရက်

(၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်)

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၂။ ဤဥပဒေကို မန္တလေးမြို့တော်စည်ပင်သာယာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၃။ ဤဥပဒေသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့် အညီ တာဝန်များပြီးမြောက်ပြီးနောက် ကျင်းပသည့်ရွေးကောက်ပွဲအရ ပြည်ထောင်စုအစိုးရအဖွဲ့နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့တို့ကို ဖွဲ့စည်းပြီးသည့်နေ့ရက်အထိ အာဏာတည်ရမည်။

၄။　ဤဥပဒေ အာဏာတည်လျက်ရှိနေသမျှကာလပတ်လုံး မန္တလေးမြို့တော်စည်ပင်သာယာရေးဥပဒေ၏ အခန်း (၃)၊ (၄)၊ (၅) နှင့် (၆) တို့ကို ရုပ်သိမ်းထားဘိသကဲ့သို့ မှတ်ယူစေရမည်။

---

**ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။**

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်အမှတ် (၄၂/၂၀၂၁)**

၁၃၈၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၃ ရက်
(၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက်)

**အမျိုးသားလုံခြုံရေးအဖွဲ့ (National Security Bureau–NSB) ရုံးအဖွဲ့ ဖွဲ့စည်းခြင်း**

အမျိုးသားလုံခြုံရေးအဖွဲ့ (National Security Bureau–NSB) ၏ ရုံးလုပ်ငန်းများဆောင်ရွက်နိုင်ရန် အတွက် အမျိုးသားလုံခြုံရေးအဖွဲ့ (National Security Bureau–NSB) ရုံးအဖွဲ့ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်–

(က)　ဌာနကြီးမှူး　　အဖွဲ့ခေါင်းဆောင်
　　တပ်မတော်စစ်ဘက်ရေးရာလုံခြုံရေးအရာရှိချုပ်ရုံး
　　ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)

(ခ)　ဒုတိယညွှန်ကြားရေးမှူး　　အဖွဲ့ဝင်
　　ကာကွယ်ရေးဝန်ကြီးဌာန

(ဂ)　ဒုတိယညွှန်ကြားရေးမှူး　　အဖွဲ့ဝင်
　　မြန်မာနိုင်ငံရဲတပ်ဖွဲ့
　　ပြည်ထဲရေးဝန်ကြီးဌာန

(ဃ)　ဒုတိယညွှန်ကြားရေးမှူး　　အဖွဲ့ဝင်
　　အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန
　　ပြည်ထဲရေးဝန်ကြီးဌာန

(င)　ဒုတိယညွှန်ကြားရေးမှူး　　အဖွဲ့ဝင်
　　အကျဉ်းဦးစီးဌာန
　　ပြည်ထဲရေးဝန်ကြီးဌာန

(စ)　ဒုတိယညွှန်ကြားရေးမှူး　　အဖွဲ့ဝင်
　　မီးသတ်တပ်ဖွဲ့
　　ပြည်ထဲရေးဝန်ကြီးဌာန

(ဆ)　ဒုတိယညွှန်ကြားရေးမှူး　　အဖွဲ့ဝင်
　　သတင်းရဲတပ်ဖွဲ့
　　ပြည်ထဲရေးဝန်ကြီးဌာန

(ဇ) ဒုတိယညွှန်ကြားရေးမှူး အဖွဲ့ဝင်
မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့
ပြည်ထဲရေးဝန်ကြီးဌာန

(ဈ) ဒုတိယညွှန်ကြားရေးမှူး အဖွဲ့ဝင်
လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့
ပြည်ထဲရေးဝန်ကြီးဌာန

(ည) ဒုတိယညွှန်ကြားရေးမှူး အဖွဲ့ဝင်
နိုင်ငံခြားရေးဝန်ကြီးဌာန

(ဋ) ဒုတိယညွှန်ကြားရေးမှူး အဖွဲ့ဝင်
ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန

(ဌ) ဒုတိယညွှန်ကြားရေးမှူး အဖွဲ့ဝင်
နယ်စပ်ရေးရာဝန်ကြီးဌာန

(ဍ) ဒုတိယညွှန်ကြားရေးမှူး အဖွဲ့ဝင်
စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန

(ဎ) ဒုတိယညွှန်ကြားရေးမှူး အဖွဲ့ဝင်
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

(ဏ) ဒုတိယညွှန်ကြားရေးမှူး အဖွဲ့ဝင်
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

အမိန့်အရ

(ပုံ) အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## အမိန့်အမှတ် (၄၃/၂၀၂၁)

၁၃၈၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၃ ရက်

(၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက်)

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များအဖြစ် ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အောက်ပါပုဂ္ဂိုလ်များကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

(၁) ဦးစောဘလှိုင် အဖွဲ့ဝင်

(၂) ဦးစိုးဦး အဖွဲ့ဝင်

အမိန့်အရ

(ပုံ) အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## အမိန့်အမှတ် (၄၆/၂၀၂၁)

၁၃၈၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၄ ရက်

(၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်)

### ဗဟိုဘဏ် အဖွဲ့ဝင်များအဖြစ် ခန့်အပ်တာဝန်ပေးခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အောက်ပါပုဂ္ဂိုလ်များကို ဗဟိုဘဏ် အဖွဲ့ဝင်များအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

(၁) ဒေါက်တာ ခင်နိုင်ဦး

(၂) ဦးအောင်ကျော်သန်း

အမိန့်အရ

(ပုံ) အောင်လင်းဒွေး

ဒုတိယဗိုလ်ချုပ်ကြီး

အတွင်းရေးမှူး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## အမိန့်အမှတ် (၄၇/၂၀၂၁)

၁၃၈၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၄ ရက်

(၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်)

### ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဖွဲ့စည်းခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည်-

(၁) ဥက္ကဋ္ဌ၊ မြို့တော်ဝန်

(၂) ဒုတိယဥက္ကဋ္ဌ၊ ဒုတိယမြို့တော်ဝန်

(၃) အဖွဲ့ဝင် (၄) ဦး

(၄) အတွင်းရေးမှူး

အမိန့်အရ

(ပုံ) အောင်လင်းဒွေး

ဒုတိယဗိုလ်ချုပ်ကြီး

အတွင်းရေးမှူး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်အမှတ် (၄၈/၂၀၂၁)**

၁၃၈၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၄ ရက်

(၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်)

**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဖွဲ့စည်းခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည်-

(၁) ဥက္ကဋ္ဌ၊ မြို့တော်ဝန်

(၂) ဒုတိယဥက္ကဋ္ဌ၊ ဒုတိယမြို့တော်ဝန်

(၃) အဖွဲ့ဝင် (၂) ဦး

(၄) အတွင်းရေးမှူး

အမိန့်အရ

(ပုံ) အောင်လင်းဒွေး

ဒုတိယဗိုလ်ချုပ်ကြီး

အတွင်းရေးမှူး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်အမှတ် ( ၆၄ / ၂၀၂၁)**

၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၃ ရက်

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်

**တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ဖြည့်စွက်ဖွဲ့စည်းခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်များအား တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စီမံ အုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များအဖြစ် ဖြည့်စွက်ဖွဲ့စည်းလိုက်သည်။

အမိန့်အရ

(ပုံ) အောင်လင်းဒွေး

ဒုတိယဗိုလ်ချုပ်ကြီး

အတွင်းရေးမှူး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

မှတ်ပုံတင်အမှတ်–၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း


| ရန်ကုန်မြို့ | ၁၃၈၂ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၄ ရက်<br>(၂၀၂၁ ခုနှစ်၊ မတ်လ ၁၂ ရက်) | သောကြာနေ့ |
|---|---|---|

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။


## အပိုင်း ၂

**[ ယခင်အပတ် နိုင်ငံတော်သမ္မတရုံး၊ ညွှန်ကြားချက်အမှတ် (၇/၂၀၂၀)၊ တည်ဆောက်ရေးလုပ်ငန်းများအတွက် နိုင်ငံတော်ဘဏ္ဍာ ရန်ပုံငွေတောင်းခံခြင်းနှင့် တင်ဒါဆိုင်ရာစံထားသတ်မှတ်သည့် လုပ်ထုံးလုပ်နည်းဆိုင်ရာညွှန်ကြားချက်မှအဆက် ]**

**ဈေးနှုန်းမတန်တဆလျော့နည်းတင်သွင်းထားသည့်တင်ဒါများ(Abnormally Low Tenders)**

၁၀၃။ ဈေးနှုန်းမတန်တဆ လျော့နည်းတင်သွင်းထားသည့် တင်ဒါအဖြစ်သတ်မှတ်ရာတွင် ဈေးကွက် အခြေအနေနှင့် ကမ်းလှမ်းလာသည့်ဈေးနှုန်းများအားလုံးကို ထည့်သွင်းစဉ်းစားနိုင်သည်။

၁၀၄။ ကမ်းလှမ်းလာသောဈေးနှုန်းများသည် ယှဉ်ပြိုင်မှုအားကောင်းပြီး၊ သီးခြားတင်ပြလာခြင်းဖြစ်ပါက တည်ဆောက်ရေးတင်ဒါဗဟိုကော်မတီသည် မတန်တဆလျော့နည်းတင်သွင်းလာသည့် ပုံသဏ္ဌာန်ရှိနေသော တင်ဒါများကို မူလခန့်မှန်းခြေစာရင်းမှ ပစ္စည်းအမျိုးအစား အရေအတွက်နှင့် ဈေးနှုန်းများကိုနှိုင်းယှဉ်၍ စိစစ်သတ်မှတ်နိုင်သည်။

၁၀၅။ တင်သွင်းသည့်တင်ဒါဈေးနှုန်းသည် တည်ဆောက်ရေးတင်ဒါဗဟိုကော်မတီက ခန့်မှန်းသည့် ကုန်ကျစရိတ်၏ ၂၀ ရာခိုင်နှုန်း နှင့်အထက် လျော့နည်းနေလျှင် တည်ဆောက်ရေးတင်ဒါဗဟိုကော်မတီသည် တင်ဒါတင်သွင်းသူထံမှ အဆိုပြုဈေးနှုန်း သို့မဟုတ် ကုန်ကျစရိတ်များကို ရှင်းလင်းဖော်ပြထားသည့် အသေးစိတ်ရှင်းလင်းချက်ကို တောင်းခံနိုင်သည်။ အဆိုပါ ရှင်းလင်းချက်တွင် တည်ဆောက်ရေးကဏ္ဍ၏ လက်ရှိစီးပွားရေးအခြေအနေ၊ တည်ဆောက်မည့်နည်းလမ်း၊ တည်ဆောက်ရေးလုပ်ကိုင်မည့် တင်ဒါယှဉ်ပြိုင်သူ၏ သာလွန်ယှဉ်ပြိုင်နိုင်သော နည်းပညာအားသာချက်အကြောင်းရင်းများ သို့မဟုတ် ကုန်ပစ္စည်းများ သက်သာစွာ ရရှိနိုင်သည့် နည်းလမ်းအကြောင်းရင်းများစသည်တို့နှင့်စပ်လျဉ်းသည့် သတင်းအချက်အလက်များကိုလည်း ထည့်သွင်းနိုင်သည်။ တင်ဒါရယူလိုစိတ်ဖြင့် ဈေးနှုန်းလျှော့ချမှုဖြစ်နိုင်သဖြင့် တည်ဆောက်ရေးလုပ်ငန်း၏ အရည်အသွေးထိခိုက်မှု ရှိ မရှိ၊ သတ်မှတ်ကာလအတွင်း အမှန်တကယ် လုပ်ငန်းပြီးစီးနိုင်မှု ရှိ မရှိ စသည့် အခြေအနေကိုပါ ထည့်သွင်းစဉ်းစားရမည်။

၁၀၆။ ရှင်းလင်းချက်ပေးရမည့် တင်ဒါတင်သွင်းသူက စာဖြင့်ရေးသားတင်ပြလာသည့် အသေးစိတ် ဖြေရှင်းချက်ကို အခြေခံ၍ တည်ဆောက်ရေးတင်ဒါဗဟိုကော်မတီသည်–

(က) ဖြေရှင်းတင်ပြချက်သည် အကျိုးအကြောင်း ဆီလျော်သည်ဟု ယူဆပါက တင်သွင်းထားသည့်တင်ဒါကို လက်ခံနိုင်သည်၊

(ခ) လျော့နည်းတင်ပြမှုအတွက် လုံလောက်သောအထောက်အထားဖြင့် အကျိုးအကြောင်း ဆီလျော်ကြောင်းကို ခိုင်လုံစွာတင်ပြနိုင်ခြင်းမရှိပါက တင်သွင်းထားသည့် တင်ဒါကိုငြင်းပယ်နိုင်သည်။

**တင်ဒါအောင်မြင်သူရွေးချယ်ကြေညာခြင်း (Announcement of Winners)**

၁၀၇။ တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီသည် စိစစ်အကဲဖြတ်ခြင်းဆိုင်ရာ အစီရင်ခံစာကို အကြံပြုချက်များနှင့်တကွ ရေးသားပြုစု၍ တည်ဆောက်ရေးတင်ဒါဗဟိုကော်မတီသို့ တင်သွင်းရမည်။ အစီရင်ခံစာတွင် တင်ဒါမအောင်မြင်သူများနှင့် မရွေးချယ်ရသည့် ရှင်းလင်းချက်များကို ဖော်ပြရမည်။ အစီရင်ခံစာတွင် စိစစ်အကဲဖြတ်ခြင်း စည်းမျဉ်းစည်းကမ်းများနှင့်အညီ ရွေးချယ်ထားသည့် တင်ဒါအောင်မြင်သူကိုရွေးချယ်ရသည့် အကြောင်းရင်းများနှင့်တကွ ရှင်းလင်းစွာ ဖော်ပြရမည်။

၁၀၈။ ကျပ်သန်း ၃၀၀ နှင့်အောက် တည်ဆောက်ခြင်းလုပ်ငန်းများအတွက်ဖြစ်ပါက တင်ဒါဗဟိုကော်မတီ၏ သဘောတူညီမှုဖြင့် တင်ဒါအောင်မြင်သူကို ထုတ်ပြန်ကြေညာရမည်။ ၎င်းနောက် တင်ဒါဗဟိုကော်မတီက သက်ဆိုင်ရာဝန်ကြီးဌာန၏ စီမံခန့်ခွဲရေးကော်မတီ သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ အစည်းအဝေးသို့ အစီရင်ခံတင်ပြရမည်။

၁၀၉။ အများပြည်သူသုံးနည်းပညာဆိုင်ရာ အရေးကြီးသောလုပ်ငန်းများနှင့် ကျပ်သန်း ၃၀၀ အထက် တည်ဆောက်ခြင်းလုပ်ငန်းများကို စိစစ်ရွေးချယ်ရာတွင် တင်ဒါဗဟိုကော်မတီသည် သက်ဆိုင်ရာဝန်ကြီးဌာန၏ စီမံခန့်ခွဲရေးကော်မတီ သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ အစည်းအဝေး၏ အတည်ပြုချက်ဖြင့် တင်ဒါအောင်မြင်သူကို ရွေးချယ်ထုတ်ပြန်ကြေညာရမည်။

၁၁၀။ အိတ်ဖွင့်တင်ဒါဖြင့် ရွေးချယ်ခြင်းဖြစ်ပါက ရမှတ်အများဆုံးရရှိသည့် တင်ဒါအောင်မြင်သူ၏ အမည်၊ နေရပ်လိပ်စာနှင့် တင်ဒါအောင်မြင်သည့် ဈေးနှုန်းကိုလည်းကောင်း၊ တင်ဒါတင်သွင်းသူများ၏ရမှတ်များအလိုက် ပထမမှ ပဉ္စမအဆင့်အထိ ကြီးစဉ်ငယ်လိုက်ကိုလည်းကောင်း၊ အများပြည်သူသိရှိနိုင်ရန် သက်ဆိုင်ရာဌာန၏ကြော်ငြာသင်ပုန်း/ Website တွင်လည်းကောင်း၊ ဝန်ကြီးဌာန၏ကြော်ငြာသင်ပုန်း Website တွင်လည်းကောင်း ထုတ်ပြန်ကြေညာရမည်။

၁၁၁။ တင်ဒါအောင်မြင်သူသည် စာချုပ်လက်မှတ်မရေးထိုးမီ ပေးသွင်းရမည့်လုပ်ငန်းအာမခံကြေး (Performance Guarantee) ကို သတ်မှတ်ရက်အတွင်း ပေးသွင်းရန် ပျက်ကွက်လျှင်ဖြစ်စေ၊ သတ်မှတ်ကာလအတွင်း ကန်ထရိုက်စာချုပ် လက်မှတ်ရေးထိုးရန် ပျက်ကွက်လျှင်ဖြစ်စေ လုပ်ငန်းအပ်နှံသူသည် ကျန်တင်ဒါတင်သွင်းသူများအနက်မှ ဒုတိယရမှတ်အများဆုံးရရှိသည့် တင်ဒါတင်သွင်းသူကိုလက်ခံ၍ တင်ဒါအောင်မြင်သူအဖြစ် ရွေးချယ်တာဝန်ပေးအပ်နိုင်သည်။ ထိုသို့တာဝန်ပေးအပ်ရာတွင် ပထမဦးဆုံး တင်ဒါအောင်မြင်သူက တင်သွင်းသည့်ဈေးနှုန်းကိုလည်းကောင်း၊ ဒုတိယအမှတ်အများဆုံးရရှိသူက တင်သွင်းထားသည့် ဈေးနှုန်းကိုလည်းကောင်း တင်ဒါဗဟိုကော်မတီသို့တင်ပြ၍ တင်ဒါဗဟိုကော်မတီက သင့်လျော်သည်ဟုယူဆသော ဈေးနှုန်းကို ညှိနှိုင်းသတ်မှတ်ပေးနိုင်သည်။ ထိုသို့ ဒုတိယရမှတ် အများဆုံးရရှိသည့် တင်ဒါတင်သွင်းသူကို ရွေးချယ်သတ်မှတ်ကြောင်း အများပြည်သူသိရှိနိုင်ရန် ထပ်မံ ကြေညာရမည်။

**သတင်းမပေါက်ကြားစေခြင်း**

၁၁၂။ ဈေးနှုန်းနှင့်အဆိုပြုလွှာများဆိုင်ရာ သတင်းအချက်အလက်များနှင့် တင်ဒါစိစစ် ရွေးချယ်ခြင်းဆိုင်ရာ အချက်အလက်များကို လုံးဝမပေါက်ကြားစေရ။ တင်ဒါရွေးချယ်မှုများ ဆုံးဖြတ်ပြီး တရားဝင်စာဖြင့် ထုတ်ပြန်ကြေညာချိန်အထိ သက်ဆိုင်ရာတာဝန်ရှိသူ၏ တရားဝင်ခွင့်ပြုချက်မရှိဘဲ အဆိုပါသတင်းအချက်အလက်များကို တင်ဒါယှဉ်ပြိုင်သူများနှင့် အခြားမသက်ဆိုင်သူများသို့ ပေါက်ကြားခြင်းမရှိစေရ။

**တင်ဒါကို ငြင်းပယ်ခြင်း/ဖျက်သိမ်းခြင်း**

၁၁၃။ တင်ဒါဗဟိုကော်မတီသည် အောက်ဖော်ပြပါအချက်တစ်ချက်ချက်ဖြင့်ငြိစွန်းသည် ဟု တွေ့ရှိရပါက တင်ဒါအဆိုပြုလွှာ သို့မဟုတ် တင်ဒါအားလုံးကို ငြင်းပယ်ခြင်း သို့မဟုတ် တင်ဒါ အားလုံးအား ဖျက်သိမ်းခြင်း ပြုနိုင်သည်-

(က) တင်ဒါတင်သွင်းသူတစ်ဦးတစ်ယောက်မှ မရှိခြင်း၊

( ခ ) တင်ဒါတင်သွင်းရာတွင် မရိုးသားသောအကြံဖြင့် ဈေးနှုန်းကိုလည်းကောင်း၊ အရည်အသွေးကိုသော်လည်းကောင်း တင်ဒါတင်သွင်းသူအချင်းချင်း ညှိနှိုင်းဆောင်ရွက်ထားသည့်သက်သေခံအထောက်အထား တွေ့ရှိရခြင်း၊

( ဂ ) တင်ဒါတင်သွင်းသူများနှင့် စိစစ်ရွေးချယ်သူများသည် အဂတိလိုက်စားမှုတွင် ပါဝင်သည်ဟု သက်သေအထောက်အထားတွေ့ရှိခြင်း၊

(ဃ) တင်ဒါတင်သွင်းသူတစ်ဦးသည် တင်ဒါခေါ်ယူခြင်းကိုဖြစ်စေ၊ တင်ဒါစိစစ်ရွေးချယ်ခြင်းကိုဖြစ်စေ ခိုင်လုံသောအကြောင်းပြချက်ဖြင့် ကန့်ကွက်၍စိစစ်ရာတွင် မှန်ကန်ကြောင်း တွေ့ရှိခြင်း၊

(င) နည်းပညာစံချိန်စံညွှန်းများနှင့်အညီ တင်သွင်းသည့်တင်ဒါ၏ အနိမ့်ဆုံး ဈေးနှုန်းသည် ခွင့်ပြုရန်ပုံငွေ ထက်မြင့်မားနေခြင်း၊

(စ) ပြည့်စုံမှုမရှိသော သို့မဟုတ် တင်ဒါစည်းမျဉ်းနှင့်ကိုက်ညီမှုမရှိသော တင်ဒါများကို လက်ခံရရှိခြင်း၊

(ဆ) တင်ဒါပေးသွင်းသူသည် မိမိ၏တင်ဒါအောင်မြင်မှုအတွက် အစိုးရအရာရှိများထံမှလည်းကောင်း၊ သြဇာတိက္ကမရှိသော ပုဂ္ဂိုလ်များထံမှလည်းကောင်း အကူအညီရရှိရန်ကြိုးစားကြောင်း အထောက် အထားခိုင်လုံစွာတွေ့ရှိခြင်း၊

(ဇ) တင်ဒါရွေးချယ်သည့် လုပ်ငန်းစဉ်ကာလအတွင်း တင်ဒါတင်သွင်းသူတစ်ဦးဦးက တင်ဒါယှဉ်ပြိုင်မှုနှင့် စပ်လျဉ်း၍ မှန်ကန်မှု သို့မဟုတ် တရားမျှတမှု မရှိကြောင်းကို ခိုင်လုံသောအကြောင်းပြချက်ဖြင့် ကန့်ကွက်ခြင်းအပေါ် မှန်ကန်ကြောင်း စိစစ်တွေ့ရှိရခြင်း။

၁၁၄။ တင်ဒါအားလုံး သို့မဟုတ် တင်ဒါအချို့ကိုငြင်းပယ် သို့မဟုတ် ဖျက်သိမ်းရာတွင် တင်ဒါဗဟိုကော်မတီသည် လုံလောက်သည့်အကြောင်းပြချက်ဖြင့် မှတ်တမ်းရေးသွင်း၍ ငြင်းပယ် သို့မဟုတ် ပယ်ဖျက်ရမည်။

၁၁၅။ တင်ဒါဗဟိုကော်မတီသည် တင်ဒါယှဉ်ပြိုင်ရာတွင် မျှတစွာယှဉ်ပြိုင်နိုင်ခြင်းကို ထိခိုက်စေမည့် တင်ဒါစည်းကမ်းချက်အသစ်များ ထပ်မံဖြည့်စွက်ခြင်း၊ ဈေးနှုန်းသက်သာရန် အကြောင်းပြချက်တစ်ခုတည်းဖြင့် တင်ဒါအားလုံး သို့မဟုတ် တင်ဒါအချို့အား ငြင်းပယ်၍ တင်ဒါအသစ် ပြန်လည်ခေါ်ယူခြင်းမပြုရ။

## တိုင်ကြားမှုကို ဖြေရှင်းခြင်း

၁၁၆။ တင်ဒါရွေးချယ်သည့်လုပ်ငန်းစဉ်တွင် တင်ဒါတင်သွင်းသူက ခိုင်လုံသည့် အကြောင်းပြချက် အထောက် အထားများဖြင့် နစ်နာကြောင်းတိုင်ကြားမှုပေါ်ပေါက်ပါက "တင်ဒါဗဟိုကော်မတီ" က စုံစမ်းစစ်ဆေးမှု ဆောင်ရွက်ရမည်။

၁၁၇။ "တင်ဒါဗဟိုကော်မတီ"၏ ဆုံးဖြတ်ချက်အပေါ် ကျေနပ်မှုမရှိ၍ တိုင်ကြားခြင်းများကို ကြားနာစစ်ဆေး ဆုံးဖြတ်နိုင်ရန် တင်ဒါဗဟိုကော်မတီအသီးသီးတွင် ပါဝင်ပတ်သက်ခြင်းမရှိသည့် ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်အနည်းဆုံး ၃ ဦး ပါဝင်သည့် "တိုင်ကြားမှုဖြေရှင်းရေးအဖွဲ့" ကို ဖွဲ့စည်းဆောင်ရွက်ရမည်။ ထိုသို့ဆောင်ရွက်ရာတွင် ပြည်ထောင်စုအဆင့် တင်ဒါများအတွက်ဖြစ်ပါက စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနကလည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် တင်ဒါအတွက်ဖြစ်ပါက သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ကလည်းကောင်း တာဝန်ယူဖွဲ့စည်းပေးရမည်။

၁၁၈။ "တိုင်ကြားမှုဖြေရှင်းရေးအဖွဲ့"သည် အောက်ဖော်ပြပါ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည်-

(က) တည်ဆောက်ရေးနှင့်စပ်လျဉ်းသည့် တိုင်ကြားမှုများကို လက်ခံခြင်း၊ မှတ်တမ်းတင်ခြင်းနှင့် တင်ဒါလုပ်ငန်းစဉ် ဆောင်ရွက်ချက်များ မှန်ကန်မှု ရှိ မရှိ စိစစ်သုံးသပ်ခြင်း၊

(ခ) တိုင်ကြားသည့် တင်ဒါတင်သွင်းသူများအား ခေါ်ယူ၍ ဆွေးနွေးခြင်း၊

(ဂ) တိုင်ကြားမှုများအပေါ်ဆုံးဖြတ်ချက်ချမှတ်ခြင်း၊

(ဃ) တိုင်ကြားမှုဖြေရှင်းရေးအဖွဲ့သည် တိုင်ကြားမှုကိစ္စရပ်၏ ခက်ခဲရှုပ်ထွေးမှုအပေါ် မူတည်၍ တိုင်ကြားမှု ဖြေရှင်းရေးလုပ်ငန်းစဉ် ဆောက်ရွက်မည့်အချိန်ကို သတ်မှတ်ခြင်း၊ (ထိုအချိန်သည် တိုင်ကြားစာ လက်ခံရရှိပြီးနောက် တိုင်ကြားသူထံမှ ပြည့်စုံစွာ ကြားနာပြီးသည့်အချိန်မှစ၍ ရက်ပေါင်း ၃၀ ထက်မပိုစေရ)

(င) တိုင်ကြားသူသည် ခိုင်လုံသောအကြောင်းပြချက်မရှိဘဲ ပုဂ္ဂိုလ်တစ်ဦး တစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် ရည်ရွယ်၍ တိုင်တန်းချက်ကို တမင်ပြုလုပ်ကြောင်း ပေါ်ပေါက်လျှင် လည်းကောင်း၊ မမှန်မကန် တိုင်ကြားကြောင်း သက်သေအခိုင်အမာတွေ့ရှိလျှင်လည်းကောင်း တိုင်ကြားသူအား တည်ဆဲဥပဒေများအရ အရေးယူခြင်း။

၁၁၉။ တိုင်ကြားမှုဖြေရှင်းရေးအဖွဲ့၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်သည်။

## အခန်း(၁၃)
## တင်ဒါအောင်မြင်သူကိုရွေးချယ်ရရှိပြီးနောက်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်
## တင်ဒါအောင်မြင်သူက ပေးသွင်းရမည့်လုပ်ငန်းအာမခံကြေး(Performance Guarantee)

၁၂၀။ တည်ဆောက်မှုဆိုင်ရာတင်ဒါများအတွက် တင်ဒါအောင်မြင်သူများ၏ လုပ်ငန်းအာမခံကြေး (Performance Guarantee–PG) အနေဖြင့် တင်ဒါအောင်မြင်သည့်တန်ဖိုး၏ ၅ ရာခိုင်နှုန်းကို တင်ဒါအောင်မြင်သူ ကြေညာသည့်နေ့ရက်မှစ၍ ၁၄ရက်အတွင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်က အသိအမှတ်ပြုထားသည့် ဘဏ်တစ်ခုခုတွင် ဘဏ်အာမခံ (Bank Guarantee) ပြုလုပ်၍ ပေးသွင်းရမည်။

၁၂၁။ တင်ဒါအောင်မြင်သူကလုပ်ငန်းအာမခံကြေး (Performance Guarantee) ပေးသွင်းပြီးနောက် လုပ်ငန်းစာချုပ်ချုပ်ဆိုပြီးလျှင် တင်ဒါအောင်မြင်သူ ပေးသွင်းထားသည့် တင်ဒါအာမခံကြေး (Tender Security) ကို ၇ ရက်အတွင်းပြန်လည်ထုတ်ပေးရမည်။

၁၂၂။ တင်ဒါအောင်မြင်သူသည် တင်ဒါအောင်မြင်သော်လည်း ၂၁ ရက်အတွင်း စာချုပ်ချုပ်ဆိုခြင်း မရှိလျှင် တင်ဒါအာမခံကြေးကို နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်။

၁၂၃။ အကြံပေးပညာရှင် သို့မဟုတ် အကြံပေးပညာရှင်အဖွဲ့ ခန့်ထားခြင်း၊ Third Party ဖြင့် စစ်ဆေးခြင်း စသည့် အင်ဂျင်နီယာဝန်ဆောင်မှုလုပ်ငန်းများအတွက် လုပ်ငန်းအာမခံကြေး (Performance Guarantee) တင်သွင်းရန်မလိုပါ။ သို့ရာတွင် အဆိုပါအဖွဲ့များသည် မြန်မာနိုင်ငံအာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့မှ လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ရရှိထားသော အာမခံကုမ္ပဏီတွင် Professional Liability Insurance ထားရှိရမည်။

၁၂၄။ လုပ်ငန်းအာမခံကြေး (Performance Guarantee) ကို ဘဏ်အာမခံသက်တမ်းထားရှိရမည့် ကာလသည် တင်ဒါစာရွက်စာတမ်းနှင့် တင်ဒါစာချုပ်တို့ပါ တည်ဆောက်ရေးကာလနှင့် လွှဲပြောင်း လက်ခံပြီးသည့်နေ့မှ နောက်တစ်နှစ်အထိထားရှိရန် သတ်မှတ်သည်။

၁၂၅။ လုပ်ငန်းလွှဲပြောင်းလက်ခံခြင်း ဆောင်ရွက်ပြီးသည့်နေ့ရက်မှ တစ်နှစ်ပြည့်မြောက်သည့် အချိန်တွင် သို့မဟုတ် ကန်ထရိုက်တာ၏ မှားယွင်းမှုကြောင့်မဟုတ်ဘဲ ကန်ထရိုက်စာချုပ်ကို ဖျက်သိမ်းလိုက်ရသည့် အချိန်တွင် လုပ်ငန်းအပ်နှံသည့်ဌာနသည် လုပ်ငန်းအာမခံကြေး (Performance Guarantee) ကို ယင်းအာမခံကြေးများ တင်သွင်းထားသည့် တင်ဒါအောင်မြင်သူသို့ ပြန်လည်ပေးအပ်ရမည်။

### တင်ဒါစာချုပ် (လုပ်ငန်းအပ်နှံခြင်းသဘောတူစာချုပ်)ချုပ်ဆိုခြင်း(Contracting)

၁၂၆။ တင်ဒါအောင်မြင်သူကို ကြေညာပြီးပါက တင်ဒါစာချုပ် လက်မှတ်ရေးထိုးမည့်နေ့ရက်ကို လုပ်ငန်းအပ်နှံသူမှ တင်ဒါအောင်မြင်သူသို့ အကြောင်းကြားရမည်။ အကြောင်းကြားပြီးနောက် ယင်းနေ့မှ စတင်၍ ရုံးဖွင့်ရက် ၂၁ ရက်အတွင်း တင်ဒါစာချုပ်ကို လက်မှတ်ရေးထိုးကြရမည်။

၁၂၇။ တင်ဒါခေါ်ယူစဉ်က ထုတ်ပြန်ကြေညာထားသော လုပ်ငန်းတည်နေရာ၊ ဒီဇိုင်းပုံစံ သတ်မှတ်ချက်များ၊ စံချိန်စံညွှန်း Specification များနှင့်အတူ တည်ဆောက်ရေးလုပ်ငန်း၏ အစိတ်အပိုင်းအလိုက် ပြီးစီးရမည့် အချိန်ကာလသတ်မှတ်ချက် (Work Schedule) များကိုပါ စာချုပ်၏အစိတ်အပိုင်း (Integral Part of the Contract) အဖြစ် ဖော်ပြလျက် နှစ်ဦးနှစ်ဖက် အရည်အချင်းပြည့်ဝသော စာချုပ်ချုပ်ဆိုသူများနှင့် အသိသက်သေနှစ်ဦးတို့၏ ရှေ့မှောက်တွင် အခွန်တံဆိပ်ခေါင်း (လုပ်ငန်းတန်ဖိုးအလိုက်) အပြည့်အဝကပ်၍ မှတ်ပုံတင်စာချုပ်အဖြစ် လက်မှတ်ရေးထိုးချုပ်ဆိုရမည်။

၁၂၈။ တင်ဒါအောင်မြင်သူသည် တည်ဆောက်မှုလုပ်ငန်း၏အရည်အသွေးကိုအပြည့်အဝအာမခံရမည်ဖြစ်ပြီး အရည်အသွေးစစ်ဆေးရေးအဖွဲ့၏ အရည်အသွေးစစ်ဆေးခကို တင်ဒါအောင်မြင်သည့်တန်ဖိုးမှ ကျခံရမည် ဖြစ်ကြောင်း စာချုပ်တွင်ထည့်သွင်းချုပ်ဆိုရမည်။

၁၂၉။ တင်ဒါစာချုပ်ချုပ်ဆိုရာတွင် အောက်ပါအချက်များပါဝင်ရမည်–

(က) စာချုပ်ချုပ်ဆိုသည့် နှစ်ဖက်စာချုပ်ဝင်များ၏ အချက်အလက်များ၊

( ခ ) စာချုပ်ချုပ်ဆိုမည့် လုပ်ငန်းဆိုင်ရာအချက်အလက်များနှင့် တည်ဆောက်ရေးကာလ၊

( ဂ ) စာချုပ်တန်ဖိုးနှင့် နိုင်ငံတော်သို့ပေးဆောင်ရမည့် အခွန်အခ၊

(ဃ) ငွေပေးချေရမည့်အစီအစဉ် (Payment Schedule)၊

( င ) တင်ဒါစည်းမျဉ်းစည်းကမ်းများ၊ စံချိန်စံညွှန်းများ၊ ပုံစံများ၊

(စ) လုပ်ငန်းအာမခံကြေး (Performance Guarantee) ပေးသွင်းခြင်း၊ တာဝန်ယူပြင်ဆင်ပေးမည့် အာမခံကာလနှင့်ပြန်လည်ထုတ်ပေးခြင်း၊ စာချုပ်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်းမရှိပါက လုပ်ငန်းအာမခံကြေးကို နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းမည့်အစီအစဉ်၊
(ဆ) မလွန်ဆန်နိုင်သောဖြစ်ရပ်များ (Force Majeure) အတွက် ဆောင်ရွက်မည့် အစီအစဉ်၊
(ဇ) လုပ်ငန်းအစီအစဉ်များပြင်ဆင်ခြင်း၊ရပ်စဲခြင်းနှင့်လုပ်ငန်းလွှဲပြောင်းလက်ခံခြင်း၊
(ဈ) လုပ်ငန်းအပ်နှံသူနှင့်လုပ်ငန်းလက်ခံသူတို့၏ တာဝန်ဝတ္တရားများ၊
(ည) စာချုပ်ပြင်ဆင်ခြင်း သို့မဟုတ် စာချုပ်ရပ်စဲခြင်း၊
(ဋ) နှောင့်နှေးကြန့်ကြာမှုနှင့်ဒဏ်ကြေး၊
(ဌ) ဥပဒေရေးရာစည်းကမ်းချက်များ။

၁၃၀။ တင်ဒါစာချုပ်ပါ စည်းမျဉ်းစည်းကမ်းများကို ပြုပြင်ပြောင်းလဲရန်လိုအပ်ပါက တည်ဆောက်ရေးလုပ်ငန်းစဉ်၏ပွင့်လင်းမြင်သာမှုနှင့် တရားမျှတမှုတို့ကို အဟန့်အတားမဖြစ်စေရ။

၁၃၁။ စာချုပ်ကို ဘာသာစကားတစ်မျိုးထက် ပိုမိုသုံးစွဲရေးသားထားပါက မည်သည့်ဘာသာစကားဖြင့်ရေးသားသည့်စာချုပ်က လွှမ်းမိုးသည်ကို တိကျစွာဖော်ပြထားရမည်။

၁၃၂။ စာချုပ်ပါလုပ်ငန်း၏သဘောသဘာဝနှင့် ခက်ခဲရှုပ်ထွေးမှုတို့အပေါ်မူတည်၍ လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်မှုအောင်မြင်စေရန် လိုအပ်ပါက စာချုပ်စီမံခန့်ခွဲသူတစ်ဦး သီးခြားခန့်ထားနိုင်သည်။

၁၃၃။ စာချုပ်ချုပ်ဆိုပြီးနောက် သတ်မှတ်ကာလအတွင်း တင်ဒါအောင်မြင်သူက ပစ္စည်းပေးသွင်းခြင်း သို့မဟုတ် လုပ်ငန်းဆောင်ရွက်ခြင်းမပြုပါက ရက်ပေါင်း ၃၀ အတွင်း စာချုပ်ကို ရပ်စဲရေးဆောင်ရွက်နိုင်သည်။ ထိုသို့ဆောင်ရွက်ရာတွင် အစိုးရဌာန၊ အဖွဲ့အစည်းများက ကြိုတင်ပေးချေထားသည့် ငွေများအားလုံးကို တင်ဒါအောင်မြင်သူသည် အပြည့်အဝပြန်လည်ပေးသွင်းရမည်ဖြစ်ပြီး မပေးသွင်းပါက တည်ဆဲဥပဒေအရ အရေးယူခြင်းခံရမည်။

၁၃၄။ စာချုပ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ တစ်စုံတစ်ခုသော အကြောင်းအချက်အရ နှစ်ဦးနှစ်ဖက် အငြင်းပွားမှု တစ်စုံတစ်ရာ ပေါ်ပေါက်လာပါက စာချုပ်ဝင်များအကြား နှစ်ဦးနှစ်ဖက် ပြေလည်စွာ ညှိနှိုင်းဖြေရှင်းရမည်။ ထိုသို့ဖြေရှင်း၍မရပါက ထိုအငြင်းပွားမှုကို အနုညာတစီရင်ဆုံးဖြတ်ခြင်းဥပဒေ ၂၀၁၆ ခုနှစ် နှင့်အညီ ဖြေရှင်းဆောင်ရွက်ရမည်။

**စာချုပ်စီမံခန့်ခွဲခြင်း (Contract Management)**

၁၃၅။ စာချုပ်စီမံခန့်ခွဲခြင်းတွင်အောက်ပါတို့ကိုဆောင်ရွက်ရမည်-
(က) စာချုပ်ပါသတ်မှတ်ချက်များလိုက်နာခြင်း (Contract Performance)၊
(ခ) မလွန်ဆန်နိုင်သော ဖြစ်ရပ်များကြောင့်ပျက်ကွက်ခြင်း(Force Majeure)၊
(ဂ) လုပ်ငန်းအရည်အသွေးစစ်ဆေးခြင်းနှင့် ကြီးကြပ်ခြင်း၊
(ဃ) ငွေပေးချေမှုနည်းလမ်းများနှင့်သတ်မှတ်ချက်များ၊
(င) လုပ်ငန်းလွှဲပြောင်းလက်ခံခြင်းနှင့်လုပ်ငန်းအာမခံကာလသတ်မှတ်ခြင်း၊
(စ) ပွင့်လင်းမြင်သာမှုအတွက် မှတ်တမ်းထားရှိရမည့်အချက်များ၊
(ဆ) စီမံခန့်ခွဲမှုနည်းလမ်းအရ အရေးယူခြင်း။

၁၃၆။ **စာချုပ်ပါ သတ်မှတ်ချက်များလိုက်နာခြင်း (Contract Performance)**။ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-
(က) တင်ဒါအောင်မြင်သူသည် သက်ဆိုင်ရာတင်ဒါပါ စည်းကမ်းချက်များနှင့်အညီ အရည်အချင်းပြည့်ဝစွာဆောင်ရွက်ရန်တာဝန်ရှိသည်၊
(ခ) စာချုပ်ကိုအကောင်အထည်ဖော်နေစဉ် စာချုပ်ပါသတ်မှတ်ချက်များကို နှစ်ဖက်စလုံးက လိုက်နာရမည်၊
(ဂ) ပမာဏကြီးမားသော လုပ်ငန်းကြီးများဖြစ်ပါက စာချုပ်ပါအချက်များအတိုင်း လိုက်နာအကောင်အထည်ဖော်ခြင်း ရှိ မရှိ ကို အကြံပေး (Consultant) သည် အောက်ပါအချက်များကို အစဉ်စောင့်ကြပ်ကြည့်ရှု၍ အခြေအနေကို တင်ဒါဗဟိုကော်မတီသို့ အချိန်နှင့်တစ်ပြေးညီ အစီရင်ခံတင်ပြရမည်-
(၁) ဆုံးရှုံးနိုင်ခြေများကို ကြီးထွားမလာမီ ကြိုတင်သိမြင်ကာကွယ်နိုင်ခြင်း၊
(၂) တည်ဆောက်ရေးစီမံကိန်းများကို ဘတ်ဂျက်ကာလအတွင်း အချိန်မီ ပြီးစီးနိုင်ခြင်း၊
(၃) စာချုပ်နှင့်ကွဲလွဲချက်များကိုရှင်းပြနိုင်ခြင်း၊

(၄) ကြိုတင်သတ်မှတ်ထားသည့် မျှော်မှန်းရလဒ်များအတိုင်း လုပ်ငန်း ဆောင်ရွက်နိုင်ခြင်း၊

(၅) သတ်မှတ်ထားသော ဘတ်ဂျက်ကာလအတွင်း ကြိုတင်ချမှတ်ထားသော သတ်မှတ်စံချိန်စံညွှန်းများအတိုင်း ပြည့်ဝစေခြင်း။

**၁၃၇။ မလွန်ဆန်နိုင်သောဖြစ်ရပ်များကြောင့် ပျက်ကွက်ခြင်း(Force Majeure)**

(က) စာချုပ်ချုပ်ဆိုပြီး စီမံကိန်းလုပ်ငန်းများကို ဆောင်ရွက်နေစဉ် မလွန်ဆန်နိုင်သောဖြစ်ရပ်များကြောင့် ပျက်ကွက်ခြင်းဖြစ်ပါက စာချုပ်တွင်ဖော်ပြထားသည့် မလွန်ဆန်နိုင်သော ဖြစ်ရပ်စည်းကမ်းချက်များအတိုင်း လိုက်နာဆောင်ရွက်ရမည်၊

(ခ) စာချုပ်ချုပ်ဆိုပြီး စီမံကိန်းလုပ်ငန်းများကို ဆောင်ရွက်နေစဉ် မလွန်ဆန်နိုင်သော ဖြစ်ရပ်များကြောင့် လိုအပ်ချက်အရ စာချုပ်ပြင်ဆင်မည်ဆိုပါက တင်ဒါဗဟိုကော်မတီ၏ ခွင့်ပြုချက်ဖြင့် သက်ဆိုင်ရာဝန်ကြီးဌာန၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သို့ တင်ပြ၍ စာချုပ်ပါစည်းကမ်းချက်နှင့်အညီ စာချုပ်အား ပြင်ဆင်နိုင်သည်။

**၁၃၈။ လုပ်ငန်းအရည်အသွေးစစ်ဆေးခြင်းနှင့်ကြီးကြပ်ခြင်း**

(က) စစ်ဆေးရေးအဖွဲ့များသည် သဘောတူညီထားသည့် စာချုပ်ပါစံချိန်စံညွှန်း၊ စည်းမျဉ်းစည်းကမ်း၊ အသေးစိတ်ဖော်ပြချက်များနှင့်ကိုက်ညီမှု ရှိ မရှိ စစ်ဆေးရမည်၊

(ခ) စစ်ဆေးရေးအဖွဲ့များသည် မြန်မာနိုင်ငံအဆောက်အအုံဆိုင်ရာ စည်းမျဉ်းများ (MNBC)နှင့် သက်ဆိုင်ရာဝန်ကြီးဌာန၏စည်းမျဉ်း၊ လမ်းညွှန်ချက်များကို လိုက်နာ ဆောင်ရွက်မှုရှိ မရှိ စစ်ဆေးအတည်ပြုပေးရမည်၊

(ဂ) စစ်ဆေးရေးအဖွဲ့သည် ၎င်း၏စစ်ဆေးရေးလုပ်ငန်းများတွင် ဘက်လိုက်မှုမရှိ သမာသမတ်ကျကျ ဆောင်ရွက်ရမည်ဖြစ်ပြီး အမြတ်အစွန်းအတွက် စီးပွားရေးဆန်ဆန် ဆောင်ရွက်မှုနှင့် ငွေရေးကြေးရေး ဘက်လိုက်မှုများကို ဆောင်ရွက်ခြင်း မပြုရ၊

(ဃ) တာဝန်ပေးအပ်ထားသော အရည်အသွေးထိန်းချုပ်စစ်ရေးနှင့် အပြီးသတ် လက်ခံရေးကော်မတီသည် လုပ်ငန်းစတင်ဆောင်ရွက်သည့်အချိန်မှ လုပ်ငန်းဆောင်ရွက်ပြီးစီးသည့်အချိန်အထိ လုပ်ငန်းစဉ်အဆင့်ဆင့်တိုင်းတွင် အရည်အသွေးစစ်ဆေးရေးအဖွဲ့ (QC) နှင့် ဆောက်လုပ်ရေးအကြံပေးအဖွဲ့ (Consultant) (ရှိခဲ့လျှင်)၊ တတိယအဖွဲ့အစည်း (Third Party) (ရှိခဲ့လျှင်) ၎င်းအဖွဲ့များ၏ စစ်ဆေးမှုအစီရင်ခံစာများကို လုပ်ထုံးလုပ်နည်းနှင့်ညီညွတ်ခြင်း ရှိ မရှိ စစ်ဆေးရမည်။

**၁၃၉။ ငွေပေးချေမှုနည်းလမ်းနှင့်သတ်မှတ်ချက်များ**

(က) ငွေပေးချေမည့်အစီအစဉ် (Payment Schedule) ကို တည်ဆောက်ခြင်း လုပ်ငန်းများ၏ပမာဏတန်ဖိုး၊ နည်းပညာဆိုင်ရာမြင့်မားမှုများနှင့် အချိန်ကာလစသည့် အချက်အလက်များအပေါ် မူတည်၍ စီမံကိန်းအလိုက်သတ်မှတ်ပြီး စာချုပ်တွင် ဖော်ပြထားရမည်၊

(ခ) ငွေပေးချေမှုကို တစ်လတစ်ကြိမ် လုပ်ငန်းပြီးစီးမှု တင်ပြလွှာတင်သွင်း၍ လည်းကောင်း၊ ပြီးစီးမှုအလိုက် ရာခိုင်နှုန်းသတ်မှတ်၍ ပထမ၊ ဒုတိယ၊ တတိယ စသဖြင့် အရစ်ကျခွဲ၍လည်းကောင်း ငွေပေးချေနိုင်သည်။ ငွေပေးချေမှု သဘောတူညီချက်ကို စာချုပ်တွင်ဖော်ပြရမည်၊

(ဂ) စီမံကိန်းလုပ်ငန်းတန်ဖိုး ခန့်မှန်းခြေစာရင်းပါ လုပ်ငန်းအပိုင်းအလိုက် တန်ဖိုးအပေါ်မူတည်၍ ရာခိုင်နှုန်းသတ်မှတ်၍ ငွေပေးချေမည့်အစီအစဉ် (Payment Schedule) ကို ကန်ထရိုက်စာချုပ်ချုပ်ဆိုရာတွင် ထည့်သွင်းဖော်ပြထားရမည်၊

(ဃ) တင်ဒါအောင်မြင်သည့်ကုမ္ပဏီက လုပ်ငန်းပြီးစီးမှုရာခိုင်နှုန်းများကို အရည်အသွေးစစ်ဆေးရေးအဖွဲ့၏ စစ်ဆေးမှုအစီရင်ခံစာများနှင့်အတူ တင်ပြလာသည့်အခါ အရည်အသွေးထိန်းချုပ်ရေးနှင့် အပြီးသတ်လက်ခံရေးကော်မတီက အနည်းဆုံး အဖွဲ့ဝင်အရေအတွက် ၅၀ ရာခိုင်နှုန်း ဖြင့်စစ်ဆေး၍ သဘောတူလက်ခံကြောင်း အတည်ပြုသည့်ရက်မှ ရက်ပေါင်း ၁၄ ရက်အတွင်း သက်ဆိုင်ရာဌာနမှ ကုမ္ပဏီသို့ ငွေပေးချေရမည်။ အကြောင်းတစ်စုံတစ်ရာကြောင့် အရည်အသွေးထိန်းချုပ်ရေးနှင့် အပြီးသတ်လက်ခံရေးကော်မတီက ၁၄ ရက်အတွင်း မစိစစ်နိုင်လျှင် တင်ဒါဗဟိုကော်မတီ၏ ခွင့်ပြုချက်ဖြင့် တင်ဒါအောင်မြင်သည့်ကုမ္ပဏီသို့ ကြိုတင်ငွေကို လုပ်ငန်းပြီးစီးမှုတန်ဖိုး၏ ၇၅ ရာခိုင်နှုန်း ထက်မကျော်စေဘဲ ထုတ်ပေးနိုင်သည်။

**၁၄၀။ လုပ်ငန်းလွှဲပြောင်းလက်ခံခြင်းနှင့်လုပ်ငန်းအာမခံကာလသတ်မှတ်ခြင်း**

(က) တင်ဒါအောင်မြင်သည့်ကုမ္ပဏီက လုပ်ငန်းပြီးစီးကြောင်းကို အရည်အသွေးစစ်ဆေးရေး (QC)၊ အကြံပေးအဖွဲ့ (ရှိခဲ့လျှင်)၊ Third Party (ရှိခဲ့လျှင်) ၏ စစ်ဆေးမှုအစီရင်ခံစာနှင့်အတူ သက်ဆိုင်ရာဌာနသို့ တင်ပြရမည်၊

(ခ) တင်ဒါအောင်မြင်သည့် ကုမ္ပဏီက လုပ်ငန်းပြီးစီးကြောင်း အစီရင်ခံတင်ပြသည့် ရက်မှ ရက်ပေါင်း ၃၀ အတွင်း သဘောတူစာချုပ်တွင် ပါဝင်သည့်အချက်များနှင့် ကိုက်ညီမှု ရှိ မရှိ ကို အရည်အသွေး ထိန်းချုပ်ရေးစိစစ်ရေးနှင့် အပြီးသတ်လက်ခံရေးကော်မတီကစစ်ဆေး၍ အတည်ပြုပါက သက်ဆိုင်ရာ ဌာနမှ တင်ဒါအောင်မြင်သည့်ကုမ္ပဏီသို့ လုပ်ငန်းပြီးစီးကြောင်း အသိအမှတ်ပြုလက်မှတ် (Completion Certificate) ကို ထုတ်ပေးရမည်၊

(ဂ) လုပ်ငန်းပြုပြင်ထိန်းသိမ်းခြင်းကာလ (Defect Liability Period) ကို လုပ်ငန်းလွှဲပြောင်းလက်ခံပြီးသည့် နေ့ရက်မှစ၍ ၂ နှစ်ပြည့်မြောက်သည့်အချိန်အထိ သတ်မှတ်သည်။ တည်ဆောက်ရေးလုပ်ငန်း၏ ကြာရှည်ကြံ့ခိုင်မှုအာမခံ ယေဘုယျသတ်မှတ်ချက်အား စာချုပ်တွင်ဖော်ပြရမည်၊

(ဃ) လုပ်ငန်းအာမခံကြေးကို လုပ်ငန်းလွှဲပြောင်းလက်ခံခြင်း ဆောင်ရွက်ပြီးသည့် နေ့ရက်မှ တစ်နှစ် ပြည့်မြောက်သည့်အချိန်တွင် ပြန်လည်ထုတ်ပေးရမည်၊

(င) လုပ်ငန်းအာမခံကြေး ပြန်လည်ထုတ်ပေးပြီးသော်လည်း လုပ်ငန်းပြုပြင်ထိန်းသိမ်းခြင်းကာလ (Defect Liability Period) အတွင်း (မလွန်ဆန်နိုင်သောဖြစ်ရပ်ကြောင့်မှတစ်ပါး) ဖြစ်ပေါ်သည့်ချို့ယွင်းမှုများ ကို ပြန်လည်ပြုပြင်ပေးရန် တင်ဒါအောင်မြင်သောကုမ္ပဏီက တာဝန်ယူရမည်၊

(စ) လုပ်ငန်းလွှဲပြောင်းပြီး၂နှစ်ကျော်ကာလတွင်ဖြစ်ပေါ်သည့်ပျက်စီးမှုများအတွက်လုပ်ငန်းအပ်နှံသည့်ဌာနက တာဝန်ယူ၍ပြုပြင်ရမည်။

၁၄၁။ **ပွင့်လင်းမြင်သာမှုအတွက် မှတ်တမ်းထားရှိရမည့်အချက်များ။** အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) လုပ်ငန်းအပ်နှံသူအနေဖြင့် လုပ်ဆောင်သည့် တည်ဆောက်ရေးလုပ်ငန်းစဉ်များနှင့် သက်ဆိုင်သည့် အောက်ပါအချက်အလက်မှတ်တမ်း (Hard Copy၊ Soft Copy) များကို တည်ဆဲလုပ်ထုံးလုပ်နည်းများ နှင့်အညီ ဦးစားပေးအဆင့်အတန်းများအပေါ်မူတည်၍ နှစ်အပိုင်းအခြားအလိုက် သတ်မှတ်သိမ်းဆည်း ထားရမည်-

(၁) လက်ခံရရှိထားသည့်တင်ဒါများ၊

(၂) အကဲဖြတ်မှုအစီရင်ခံစာ၊

(၃) တင်ဒါကော်မတီ၏အစည်းအဝေးမှတ်တမ်းနှင့်ခွင့်ပြုချက်၊

(၄) လက်မှတ်ရေးထိုးထားသောစာချုပ်၊

(၅) ငွေပေးချေခြင်းဆိုင်ရာအချက်အလက်၊

(၆) ပစ္စည်း သို့မဟုတ် လုပ်ငန်းများလက်ခံရရှိကြောင်းစာ၊

(၇) အခြားသက်ဆိုင်ရာစာရွက်စာတမ်းများ။

(ခ) လုပ်ငန်းအပ်နှံသူအနေဖြင့် ၎င်းတို့၏တည်ဆောက်ရေးလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ပြုစုထားသည့် အကျဉ်းချုပ်အစီရင်ခံစာများကို စီမံကိန်းစိစစ်ရေးနှင့်တိုးတက်မှုအစီရင်ခံရေးဦးစီးဌာနက သတ်မှတ် ထားသောပုံစံတွင် ဖြည့်စွက်၍ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနသို့ တင်ပြရမည်၊

(ဂ) လုပ်ငန်းအပ်နှံသူအနေဖြင့် နှစ်အလိုက် ၎င်းတို့၏ တည်ဆောက်ရေးအစီအစဉ်၊ တင်ဒါခေါ်ယူသည့် ကြော်ငြာစာ၊ တင်ဒါအောင်မြင်သူများစာရင်းနှင့် တည်ဆောက်ရေးလုပ်ငန်းတိုးတက်မှုများကို အများပြည်သူ လွယ်လင့်တကူ သိရှိနိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာန website တွင် လွှင့်တင် ထားရမည်။

၁၄၂။ **စီမံခန့်ခွဲမှုနည်းလမ်းအရအရေးယူခြင်း။** တည်ဆောက်ရေးလုပ်ငန်း လုပ်ကိုင်ခွင့်ရရှိသည့် တင်ဒါအောင်မြင်သူက လုပ်ငန်းစာချုပ်သဘောတူညီချက်ပါ စည်းမျဉ်းစည်းကမ်းများ ချိုးဖောက်ပါက အောက်ပါနည်းလမ်းများဖြင့် အပြစ်ပေးအရေးယူခံရမည် -

(က) **နောက်ကျမှုအတွက်အရေးယူခြင်း**

(၁) တင်ဒါအောင်မြင်သူသည် တည်ဆောက်ရေးလုပ်ငန်းများကို လုပ်ငန်းစာချုပ်တွင် သတ်မှတ်ထားသော နေ့ရက်တွင် ပြီးစီးအောင်တည်ဆောက် နိုင်ခြင်းမရှိပါက နောက်ကျဒဏ်ကြေးအဖြစ် တစ်ရက်လျှင် စာချုပ်ပါ လုပ်ငန်းတန်ဖိုး၏ ၀.၀၁ ရာခိုင်နှုန်းကို လုပ်ငန်းအပ်နှံသည့်ဌာနထံ ပေးသွင်းရမည်၊

(၂) တင်ဒါအောင်မြင်သူက ပေးသွင်းရမည့် နောက်ကျဒဏ်ကြေးကို ၎င်းအား ပေးချေရန်ကျန်ငွေမှ ဖြတ်တောက်ခြင်းခံရမည်၊

(၃) စာချုပ်ပါလုပ်ငန်းပြီးစီးရန် သတ်မှတ်ရက်ထက် ရက်ပေါင်း ၃၀ ကျော်လွန် နောက်ကျပါက တင်ဒါဇဟိုကော်မတီသည် အခြေအနေအရပ်ရပ်ကို သုံးသပ်ပြီး လိုအပ်လျှင် စာချုပ်ရပ်စဲ၍

တင်ဒါအောင်မြင်သည့်ကုမ္ပဏီက ပေးသွင်းထားသော လုပ်ငန်းအာမခံကြေးကို နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းယူပြီး ယင်းကုမ္ပဏီအား နာမည်ပျက်စာရင်း (Black List) အဖြစ် ကြေညာခြင်းခံရမည်၊

(၄) နောက်ကျ၍စာချုပ်ရုပ်စဲရခြင်းကြောင့် ဆောက်လုပ်ရန်ကျန်ရှိသောလုပ်ငန်းများကိုဘဏ္ဍာရေးနှစ်အတွင်း ပြီးမြောက်စေနိုင်ရန်အလို့ငှာ တင်ဒါဗဟိုကော်မတီက သင့်လျော်သည်ဟုယူဆသော အခြားကုမ္ပဏီတစ်ခုအား ရွေးချယ်တာဝန်ပေးအပ်နိုင်သည်။

**( ခ ) အရည်အသွေးစံနှုန်းသတ်မှတ်ချက်မပြည့်မီခြင်းအတွက်အရေးယူခြင်း**

(၁) လုပ်ငန်းစာချုပ်တွင် သတ်မှတ်ထားသည့်စံချိန်စံညွှန်းများနှင့် မကိုက်ညီကြောင်း အရည်အသွေးထိန်းချုပ်စိစစ်ရေးနှင့် အပြီးသတ်လက်ခံရေးကော်မတီက စိစစ်တွေ့ရှိလျှင် တင်ဒါအောင်မြင်သူသည် ကော်မတီက ပြင်ဆင်ရန် သတ်မှတ်သည့်အချိန်အတွင်း ပြန်လည်ပြင်ဆင်ပေးရမည်ဖြစ်ပြီး သတ်မှတ်ချိန်အတွင်း ပြင်ဆင်ရန်ပျက်ကွက်ပါက တစ်ရက်လျှင်စာချုပ်ပါ လုပ်ငန်းတန်ဖိုး၏ ၀.၀၁ ရာခိုင်နှုန်းကို ဒဏ်ကြေးအဖြစ် ပေးဆောင်ရမည်၊

(၂) တင်ဒါအောင်မြင်သူက ပြန်လည်ပြင်ဆင် ဆောင်ရွက်ပြီးစီးသော်လည်း လုပ်ငန်းအပ်နှံသူက ကျေနပ်လက်ခံနိုင်ခြင်းမရှိပါက တင်ဒါဗဟိုကော်မတီက ညှိနှိုင်းဖြေရှင်းပေးရမည်။ ထိုသို့ ညှိနှိုင်း၍မရပါက ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖွဲ့စည်းပေးသည့် " ဆောက်လုပ်ရေးလုပ်ငန်းအရည်အသွေး စံနှုန်းနှင့်သက်ဆိုင်သော အငြင်းပွားမှုဆိုင်ရာဖြေရှင်းရေးအဖွဲ့ " ဖြင့် စစ်ဆေးဆုံးဖြတ်ရမည်၊

(၃) လုပ်ငန်းလွှဲပြောင်းလက်ခံပြီး အနည်းဆုံး ၂ နှစ်အတွင်း မလွန်ဆန်နိုင်သောဖြစ်ရပ်ကြောင့်မှတစ်ပါး ပျက်စီးမှုများအတွက် တင်ဒါအောင်မြင်သူက ပြင်ဆင်ပေးရမည်ဖြစ်ပြီး ပြင်ဆင်ရန် ပျက်ကွက်ပါက ပြင်ဆင်ရမည့် တန်ဖိုးကို ပေးလျော်ရမည်၊

(၄) မလွန်ဆန်နိုင်သောဖြစ်ရပ်ကြောင့်မဟုတ်ဘဲ Design Life မတိုင်မီ ပြိုကျ ပျက်စီးခြင်းနှင့် စစ်ဆေးလက်ခံစဉ်က တွေ့ရှိခြင်းမရှိသော ချို့ယွင်းပျက်စီးမှုများ (Latent Defects) ဖြစ်ပေါ်လာပါက ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဖွဲ့စည်းပေးသည့် စစ်ဆေးရေးအဖွဲ့၏ တွေ့ရှိသုံးသပ်အကြံပြုချက်နှင့်အညီ လုပ်ငန်းဆောင်ရွက်ခဲ့သော တင်ဒါအောင်မြင်သူက ပြန်လည် ပြင်ဆင်ပေးရမည် သို့မဟုတ် ပျက်စီးမှုတန်ဖိုးပေးလျော်ရမည်၊

(၅) တင်ဒါအောင်မြင်သူက တည်ဆောက်ရေးလုပ်ငန်းကို သတ်မှတ်စံချိန်စံညွှန်း၊ သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများ၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်မှုမရှိခြင်းကို စိစစ်တွေ့ရှိပါက အဆိုပါတင်ဒါအောင်မြင်သူ တာဝန်ခံအင်ဂျင်နီယာများကို မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေအရ အရေးယူခြင်းခံရမည်။

**( ဂ ) အရည်အသွေးစစ်ဆေးရေးအဖွဲ့များအားအရေးယူခြင်း**

အရည်အသွေးစစ်ဆေးရေးအဖွဲ့၊ တတိယ အဖွဲ့အစည်း၊ အကြံပေးပညာရှင်များက အောက်ပါအချက်တစ်ချက်ချက်ကို လိုက်နာရန်ပျက်ကွက်ပါက ဝန်ဆောင်ခပေးချေရန် သဘောတူထားသည့် ငွေကြေးအားလုံးကို နစ်နာကြေးအဖြစ် သိမ်းယူခြင်းခံရမည့်အပြင် သတ်မှတ်ကာလဖော်ပြ၍ ၎င်းအရည်အသွေး စစ်ဆေးရေးအဖွဲ့နှင့်အဖွဲ့ဝင်များကို နာမည်ပျက်စာရင်း (Black List) ရေးသွင်းကြေညာခြင်းခံရမည်။ ၎င်းအပြင် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ ဥပဒေအရ အရေးယူခြင်းခံရမည်-

(၁) သတ်မှတ်စည်းမျဉ်းများ၊လမ်းညွှန်ချက်များ၊စစ်ဆေးသူလက်စွဲများအတိုင်းလိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခြင်း၊

(၂) သဘောတူစာချုပ်တွင် ပါဝင်သော ဆောင်ရွက်ပေးရမည့် လုပ်ငန်းများကို တာဝန်ကျေပွန်စွာ မဆောင်ရွက်ခြင်း၊

(၃) QC စစ်ဆေးချက်တွင် ကျေနပ်ဖွယ်ရလဒ်များ ဖော်ပြထားသော်လည်း ဆောက်လုပ်ရေးအရည်အသွေး ညံ့ဖျင်းမှုများကို စစ်ဆေးတွေ့ရှိရခြင်း။

**[ ဆက်လက်ဖော်ပြပါမည်။ ]**